# ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာ
# (၂၀၀၈ ခုနှစ်၊ လ)

ရဲဘော်တို့

''၂၀၀၈ အခြေခံဥပဒေ'' အတည်ဖြစ်သွားပြီ။ အဲဒီ 'အခြေခံဥပဒေ' ကို တိုက်ဖျက်ရေးဟာ ပါတီရဲ့ လတ်တလောနိုင်ငံရေးလုပ်ငန်း ဖြစ်လာပြီ။ ဘယ်လိုတိုက်ဖျက်ကြမလဲဆိုတာကို စဉ်းစားကြရပါတော့မယ်။ ပါတီရဲ့ကြံဆချက်ကို အစီရင်ခံလိုက်ပါတယ်။

**<u>စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အင်အားစုမှန်သမျှနဲ့ အတူလက်တွဲတိုက်ပွဲဝင်ရေး။</u>**

'ကန့်ကွက်မဲပေးရေးလှုပ်ရှားမှု' မှာ အလုပ်တူတွဲလုပ်ရေး အခြေခံကောင်းတခုကို ရရှိလိုက်ပြီး ဖြစ်ပါတယ်။ အဲဒါကို တိုးချဲ့ကြရပါမယ်။ ဘယ်လိုတိုးချဲ့ကြမလဲဆိုတာကို အားလုံးနဲ့ ညှိနှိုင်းကြရပါမယ်။ ညှိနှိုင်းရာမှာ ဘာတွေတူညီနိုင်မလဲ ဆိုတာကိုသာ အလေးထားဖို့ လိုပါတယ်။ မတူသေးတာကို ရွှေ့ဆိုင်းထားဖို့ဆိုတဲ့သဘောထား ရှိရပါမယ်။ မျက်မှောက် နိုင်ငံတကာ့အခြေအနေနဲ့ ပြည်တွင်းအခြေအနေမှာ ကိစ္စတိုင်း တူညီဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးတုန်းက ရှိဖူးတဲ့ အမျိုးသားညီညွတ်ရေးမျိုးကို တောင်းဆိုရင် သိပ်မြင့်ပါတယ်။ ဟိုတုန်းက နိုင်ငံတကာ့အခြေအနေမျိုး အခုမရှိပါဘူး။ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး ရည်ရွယ်ချက်တခုတည်းအပေါ်မှာ ညီညွတ်ကြဖို့ ဖြစ်ပါတယ်။ ဒါမှသာ အနိမ့်ဆုံးဘုံလုပ်ငန်းစဉ် (MCP) ရရှိနိုင်မှာ ဖြစ်ပါတယ်။ (MCP) မရှိဘဲ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်နိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော်တို့ မြင်နေပါတယ်။ ဒီအမြင်ကို နှစ်ပေါင်း (၅၀) နီးပါးအတွေ့အကြုံကနေ နိဂုံးချုပ်ရင်း ရရှိထားတာ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်ကို တကွဲတပြားစီ ဆန့်ကျင်တိုက်ဖျက်နေကြလို့ မဖြစ်တော့ပါဘူး။

**<u>ဆန့်ကျင်ရမယ့်အတွေးအခေါ်များ။</u>**

'၂၀၀၈ အခြေခံဥပဒေ'အတည်ဖြစ်ပြီးနောက်မှာ အတွေးအခေါ်များတွေ ပြည်ပနဲ့ပြည်တွင်းမှာ ပေါ်နိုင်ပါတယ်။ အဲဒီအတွေးအခေါ်အများတွေက အဓိကအားဖြင့် (၂) မျိုးပေါ်နိုင်ပါတယ်။ တမျိုးက လက်လျှော့အရှုံးပေးတဲ့ အတွေးအခေါ်ဖြစ်ပြီး နောက်တမျိုးက တော်လှန်ရေး စကားကြီးစကားကျယ်ပြောပြီး အချိန်ဖြုန်းတဲ့အတွေးအခေါ် ဖြစ်ပါတယ်။

လက်လျှော့အရှုံးပေးချင်တဲ့ အတွေးအခေါ်ဆိုတာက မှန်ကန်တဲ့ (မူ) တွေကို ပစ်ပယ်ပြီး '၂၀၀၈ အခြေခံဥပဒေ' ကို လက်ခံလိုက်တာကို ပြောတာပါ။ ဥပမာအားဖြင့်ဆိုရင် '၁၉၉၀ ရွေးကောက်ပွဲ' ကို ပြည်ဖုံးကားချပြီး '၂၀၁၀ ရွေးကောက်ပွဲ' ကို ဝင်ချင်တဲ့အတွေးအခေါ်၊ 'တိုက်ဖျက်လို့မရရင် သူ့အောက်ကို ခေါင်းလျှိုဝင်လိုက်' ဆိုတဲ့အတွေးအခေါ်မျိုး ဖြစ်ပါတယ်။

တော်လှန်ရေးစကားကြီးစကားကျယ်ပြောပြီး အချိန်ဖြုန်းတဲ့အတွေးအခေါ်ဆိုတာက ဥပမာအားဖြင့် 'လက်နက်ကိုင်ပြီး တိုက်ဖျက်မှရမယ်၊ အဲဒီလို တိုက်ဖျက်ဖို့ နိုင်ငံခြားအကူအညီရဖို့ လိုတယ်' ဆိုတဲ့ အတွေးအခေါ်မျိုးပါ။

ဥပမာပဲ ပြောတာပါ။ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ အနှစ်ချုပ်ရင်တော့ ဒီ (၂) မျိုးထဲ အကြုံးဝင်သွားမှာပါ။

'၂၀၀၈ အခြေခံဥပဒေ' အခန်း (၁၀) က နိုင်ငံရေးပါတီများဆိုတာ ကြည့်ပါ။ ပုဒ်မ (၆) ခု ရှိပါတယ်။ အချုပ်က ပုဒ်မ (၄၀၇) ဖြစ်ပါတယ်။ ပုဒ်မ (၄၀၇)၊ (၄၀၈) နဲ့ ပါတီတွေကိုကိုင်တာ မလုံလောက်သေးရင် ထပ်ပြီးကိုင်နိုင်ဖို့ ပုဒ်မ (၄၀၉) နဲ့ကိုင်ဖို့ ရေးထားပါတယ်။ အဲဒီဘောင်ထဲ NLD ဝင်ပါလို့ မဖြစ်ပါဘူး။ ဘောင်က သိပ်ကျဉ်းလွန်းပါတယ်။ လှုပ်သာလှည့်သာ မရှိပါဘူး။ ဘောင်ထဲဝင်မိရင် အရှုံးပေးတာပဲ ဖြစ်မှာပါ။ အရှုံးပေးမိရင် မျိုးဆက်နဲ့ချီပြီး အညွန့်ကျိုးတတ်ပါတယ်။

**<u>'၂၀၀၈ အခြေခံဥပဒေ' ဘောင်ထဲ ဝင်ကစားဖို့တော့ လိုပါတယ်။</u>**

(၁၉၈၈) က ပေါ်ခဲ့တဲ့ ပါတီတွေထဲမှာ '၂၀၀၈ အခြေခံဥပဒေ' ဘောင်ထဲ ဝင်ကြမယ့်ပါတီတွေ ရှိလိမ့်မယ်။ တစည ပါတီနဲ့ တခြားဖြုတ်စဖျင်းတောင်း ပါတီတွေ ရှိမယ်။ တခြား ဘယ်သူတွေပေါ်လာမလဲ မပြောတတ်ပါ။ သူတို့တတွေနဲ့ပဲ ဗမာပြည်နိုင်ငံရေးကို လွှတ်ထားလို့ မဖြစ်ပါဘူး။ ပြည်သူတွေဘက်က အတိုက်အခံစစ်စစ် နိုင်ငံရေးအင်အားစု (အသစ်) တခု '၂၀၀၈ အခြေခံဥပဒေ' ဘောင်ထဲမှာ ဝင်ကစားဖို့ လိုပါတယ်။ ဘာ့ကြောင့် ဒီလိုစဉ်းစားသလဲဆိုတော့ 'အခြေခံဥပဒေ အကျပ်အတည်း' မုချပေါ်မယ်လို့တွက်လို့ ဖြစ်ပါတယ်။

**<u>'အခြေခံဥပဒေ အကျပ်အတည်း'</u>**

ဘယ်လိုပဲစေ့စေ့စပ်စပ် ယိုပေါက်ဟာပေါက်မရှိအောင် ရေးထားတဲ့ 'အခြေခံဥပဒေ' ပဲဖြစ်ဖြစ် အခြေအနေသစ်တခု ပေါ်လာရင် အကျပ်အတည်းတွေ့စမြဲပါ။

အခြေအနေသစ်ဆိုတာ အုပ်စိုးသူလူတန်းစားအတွင်း ကွဲကြရင် ပေါ်စမြဲပါ။ ဖဆပလ ကွဲတော့ (အဝေမတဲ့လို့ကွဲတာ) '၁၉၄၇ အခြေခံဥပဒေ' အကျပ်အတည်းပေါ်ပါတယ်။ မဆလ တွင်းကွဲတော့ [ပြည်သူ့အင်အား (People's Power) ကြောင့်ကွဲတာ] အကျပ်အတည်းပေါ်ပြီး မဆလ လမ်းစဉ်ကျဆုံးပါတယ်။

အခုလည်း "၂၀၀၈ အခြေခံဥပဒေ အကျပ်အတည်း" အနေးနဲ့အမြန် ပေါ်မှာပါ။ ပိုပြီးတောင် မြန်မြန်ပေါ်နိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့ 'အခြေခံဥပဒေ' က မာကျစ်တောင့်တင်းနေတဲ့ (ပုဒ်မ) တွေ တင်းကျမ်းဖြစ်နေလို့ပါ။ ပဋိပက္ခက နိုင်ငံတော်အကြီးအကဲဆိုတဲ့ သမ္မတနဲ့ တကယ့် (နိုင်ငံတော်အကြီးအကဲ) ကာကွယ်ရေးဦးစီးချုပ်ကြားမှာ ပေါ်နိုင်တယ်။ တခြားနေရာတွေကလည်း ပေါ်နိုင်တာပဲ။

ကျွန်တော်တို့တာဝန်က ပဋိပက္ခကို ဖော်ထုတ်ဖွင့်ချဖို့ ဖြစ်တယ်။ စစ်အုပ်စုကတော့ တတ်နိုင်သမျှ ဖုံးဖိထားချင်မှာပါ။ ကျွန်တော်တို့က ဥပဒေပနဲ့ ဥပဒေတွင်းက ဖွင့်ချတာ ပေါင်းစပ်ရမှာပါ။

## တိုက်ပွဲသဏ္ဍာန်ကိစ္စ။

တိုက်ပွဲသဏ္ဍာန်ပေါင်းစုံ ရှိရပါမယ်။ လိုအပ်လာရင် လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်ကို ကျင့်သုံးဖို့ ကြိုတင်ပြင်ဆင်ရပါမယ်။ ပြင်ဆင်တာမှာ အကွက်စေ့ရမယ်။ စေ့စပ်သေချာရမယ်။ လုံလောက်တဲ့ ပြင်ဆင်ချိန် ရှိရမယ်လို့ ယူဆပါတယ်။ ကြွေးကြော်သံ တခုတည်းနဲ့ လက်နက်ကိုင်တော်လှန်ရေး လုပ်မရပါ။

## စေ့စပ်ဆွေးနွေးရေးကိစ္စ။

ဒီလုပ်ငန်းကို ဆက်လက်ကိုင်စွဲရပါမယ်။ နဝတ/နအဖ နဲ့ စေ့စပ်ဆွေးနွေးတာ မအောင်မြင်ခဲ့လို့ စွန့်ပစ်ရင် အမှားကြီး မှားပါလိမ့်မယ်။

ကျွန်တော်တို့က ပြည်တွင်းစစ်တိုက်နေချိန် မဟုတ်ပါဘူး။ အစိုးရတပ်မတော်တခုလုံးနဲ့ ရန်ဘက်ဖြစ်နေတာ မဟုတ်ပါဘူး။ စစ်အုပ်စုနဲ့ မဆွေးနွေးနိုင်ပေမယ့် တပ်မတော်နဲ့ ဆွေးနွေးနိုင်ပါတယ်။ စေ့စပ်ဆွေးနွေးတဲ့ အကြောင်းအရာနဲ့ပုံစံပဲ ပြောင်းရမှာပါ။

## 'ဆန္ဒခံယူပွဲ' အလွန်ကာလလုပ်ငန်းများ။

ဒီကာလက တိုတောင်းမှာပါ။ (၂) နှစ်ပဲ ရှိမှာပါ။ ဒါပေမဲ့ အလွန်အရေးကြီးတဲ့ ကာလပါ။ ပြည်သူလူထုကို စိတ်ဓာတ်တက်နေအောင်၊ တောက်ပတဲ့ အနာဂတ်ကို မြင်နေအောင် လုပ်ကြရပါမယ်။ မိမိတို့အင်အားစုများအတွင်းမှာ ရှေ့လုပ်ငန်းတွေအတွက် စည်းရုံးရေးအရ၊ ဖွဲ့စည်းရေးအရ တောင့်တင်းအောင် ပြင်ဆင်ရပါမယ်။ နအဖ ညစ်ပတ်ခဲ့တာကို ဖွင့်ချနေတာ လုပ်နေရုံနဲ့ မပြီးပါ။ နအဖ ညစ်ပတ်ခဲ့တာကို ဖွင့်ချရင်း ရှေ့လုပ်ငန်းကို လူထုကြီးသို့ ချပြရပါမယ်။ ပြည်တွင်းမှာ ဖြောင့်လုပ်နိုင်မှာ မဟုတ်ပါဘူး။ လျှို့ဝှက်ပြီး လုပ်ရမှာပါ။ ဆန္ဒခံယူပွဲကာလမှာ 'ကန့်ကွက်မဲပေးရေးလှုပ်ရှားမှု' ကို လျှို့ဝှက်လုပ်ခဲ့တဲ့အတွေ့အကြုံ ရှိခဲ့ပြီးသားဖြစ်လို့ ခက်မယ်မထင်ပါ။ အဲဒီအတွေ့အကြုံကို တိုးချဲ့ကြရပါမယ်။ တိုးချဲ့နိုင်တဲ့ အလားအလာလည်း ရှိပါတယ်။

ပြည်ပမှာကတော့ ဖြောင့်ကျကျလုပ်နိုင်မှာပါ။ တခုပဲ သတိထားဖို့က လူထုကို 'လွဲမှားတဲ့မျှော်လင့်ချက်' မပေးမိဖို့ပါ။ 'လွဲမှားတဲ့မျှော်လင့်ချက်' မပေးဖို့ ဆိုတာက ပြည်ပအကူအညီ မျှော်နေရေးအတွေးအခေါ်ကို မပေးမိဖို့ ဖြစ်ပါတယ်။

## နအဖ က ဒီ (၂) နှစ်အတွင်းမှာ ဘာလုပ်မလဲ။

ခေါပြတွေ တိုက်ရာပါပစ္စည်း ခွဲဝေသလို စစ်အုပ်စုကလည်း သူတို့တွင်းမှာ တိုက်ရာပါပစ္စည်း (အာဏာ) ကို ခွဲဝေကြမှာပါ။ ဘယ်သူက တပ်က အငြိမ်းစားယူပြီး သမ္မတလောင်းလျာလုပ်၊ ဘယ်သူက တပ်ထဲမှာ ဆက်နေပြီး ကာကွယ်ရေးဦးစီးချုပ်တို့၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်တို့စတဲ့ ရာထူးကြီးတွေယူ ဆိုတာကို ခွဲဝေကြမှာပါ။

အတွေ့အကြုံဟောင်းတွေအရ ပြောရရင် ဒီလိုကာလမှာ အုပ်စိုးသူလူတန်းစားတွင်းအကွဲအပြဲရဲ့မျိုးဗီဇ စပြီးပေါ်တတ်ပါတယ်။ အုပ်စုတွေ၊ ဂိုဏ်းတွေ ပေါ်တတ်ပါတယ်။

ဖဆပလ အကွဲအပြဲရဲ့ မျိုးဗီဇနဲ့အုပ်စုကွဲမှုဟာ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးတဲ့အချိန်ကစပြီး သန္ဓေတည်ခဲ့တာပါ။ နောင်မှာ သန့်ရှင်း – တည်မြဲ ကွဲစေတဲ့မျိုးစေ့ အဲဒီကာလကတည်းက ပါခဲ့တာပါ။

နေဝင်းနဲ့အောင်ကြီး အကွဲအပြဲဟာလည်း ၁၉၆၂ က စခဲ့တာပဲ။

## နိုင်ငံရေးပါတီကွဲပုံနဲ့ စစ်အုပ်စုကွဲပုံ ဘယ်တော့မှ မတူနိုင်။

နိုင်ငံရေးပါတီကွဲရင် လူထုကို တိုင်တည်လေ့ရှိတယ်။ ကွဲကြပြီဆိုရင် ဟိုတုန်းက ကြိတ်မှိတ်ပြီးနေခဲ့သမျှတွေကို ရင်ဖွင့်လေ့ရှိတယ်။ လူထုရဲ့ ထောက်ခံမှုကိုရအောင် ယူလေ့ရှိတယ်။ ဦးနုနဲ့ဦးကျော်ငြိမ်းတို့ လုပ်ခဲ့ပုံကို ပြန်ပြီးလေ့လာရင် ရှင်းပါတယ်။

စစ်အုပ်စုကွဲရင်တော့ လူထုကိုတိုင်တည်လေ့ မရှိဘူး။ တပ်ရဲ့ထောက်ခံမှုရဖို့ တပ်မှူးကြီးတွေကိုပဲ အလုအယက် စည်းရုံးလေ့ရှိတယ်။ အဲဒီလို လုပ်ရင်လည်း တိုးတိုးတိတ်တိတ်ပဲ လုပ်တတ်တယ်။ ခွာရာတိုင်းနိုင်တဲ့ အခြေအနေရှိရင်တော့ တန်ပြန်အာဏာသိမ်းဖို့ ကြံစည်တတ်တယ်။

## အုပ်စိုးသူတွေရဲ့အကွဲအပြဲကို ဖြစ်စေတဲ့လတ်တလောအကြောင်း။

အုပ်စိုးသူတွေရဲ့အကွဲအပြဲ ဖြစ်တာတိုင်းမှာ လတ်တလောအကြောင်းတခုတော့ ရှိတာချည်းပဲ။ ဖဆပလ ကို ကွဲစေတာဟာ ၁၉၅၆ ပါလီမန်ရွေးကောက်ပွဲပဲ။ ပမညတ က မဲတွေအများကြီး ရလိုက်တာကြောင့်ပဲ။

နေဝင်း – အောင်ကြီး အကွဲအပြဲက (၇) ရက်ဇူလိုင်က လတ်တလောအကြောင်းပဲ။

သန်းရွှေ – ခင်ညွှန့်အကွဲအပြဲက 'ဒီပဲယင်း' က လတ်တလောအကြောင်းပဲ။

ဂိုဏ်းအုပ်စုအကွဲအပြဲက စစ်အုပ်စုတိုင်းမှာ အမြဲတမ်းရှိနေမှာပါ။ နံပါတ်ဝမ်း ဩဇာကျလာရင် ကိစ္စတိုင်းဟာ လတ်တလောအကြောင်းဖြစ်လာတတ်ပါတယ်။

## "၂၀၁၀ ရွေးကောက်ပွဲ" အလွန်ကာလ လုပ်ငန်းများ။

၂၀၀၈ အခြေခံဥပဒေအကျပ်အတည်းက ၂၀၁၀ ရွေးကောက်ပွဲလွန်ကာလကျမှ ပေါ်မှာပါ။ '၂၀၀၈ အခြေခံဥပဒေ' က ရွေးကောက်ပွဲအပြီး ပထမဆုံးလွှတ်တော်အစည်းအဝေးကျမှ အာဏာတည်မှာ ဖြစ်လို့ပါပဲ။

အာဏာတည်လာရင် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်တဲ့ 'နအဖ' ကို ဖျက်သိမ်းရမယ်။ သမ္မတဦးဆောင်တဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ (မကလ) နဲ့ အစားထိုးရမယ်။

(မကလ) ကောင်စီမှာ ပါမှာက သမ္မတရယ်၊ ဒုသမ္မတ (၂) ဦးရယ်၊ လွှတ်တော်ဥက္ကဋ္ဌ (၂) ဦးရယ်၊ ကာကွယ်ရေးဦးစီးချုပ်နဲ့ ဒုကာကွယ်ရေးဦးစီးချုပ်က (၂) ဦးရယ်၊ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ရေးဝန်ကြီးက (၄) ဦးရယ် ပါမှာဖြစ်ပါတယ်။

(မကလ) ကောင်စီကို သမ္မတက ဦးဆောင်တယ်လို့ ရေးထားပေမယ့် လက်တွေ့ဖြစ်လာမှာက သမ္မတနဲ့ဦးစီးချုပ်တို့ရဲ့ ပူးတွဲခေါင်းဆောင်မှုဖြစ်လာလိမ့်မယ်။ သူတို့ (၂) ဦး ညှိနှိုင်းလို့ရနေသမျှ (မကလ) အလုပ်ဖြစ်နေမှာပဲ။ ညှိမရဘဲကွဲကြရင် အခြေခံဥပဒေ အကျပ်အတည်း ဖြစ်မှာပဲ။

ဗမာပြည်နိုင်ငံရေးမှာ အဲဒီလို အကျပ်အတည်းဖြစ်တဲ့အတွေ့အကြုံ ရှိပြီးသားပါ။

ဗိုလ်ချုပ်အောင်ဆန်းတို့ အလုပ်ကြံခံရတော့ ဦးနု ဝန်ကြီးချုပ်ဖြစ်လာတယ်။ ဆွေနဲ့ငြိမ်းက ကာကွယ်ရေးနဲ့ပြည်ထဲရေး ဝန်ကြီးတွေဖြစ်လာတယ်။ ဦးနုမှာက ယေဘုယျဩဇာပဲ ရှိတယ်။ စည်းရုံးထားတဲ့ အင်အားစု မရှိဘူး။ ဆွေ – ငြိမ်းမှာက ဗမာပြည်ဆိုရှယ်လစ်ပါတီ ရှိတယ်။ အလုပ်သမား၊ လယ်သမား၊ စီးပွားကုန်သွယ်စတဲ့ လူတန်းစားလူ့အလွှာ အစည်းအရုံးတွေ ရှိတယ်။ စစ်တပ်ထဲမှာလည်း ဆိုရှယ်လစ်တပ်မှူးတွေရှိတယ်။ ဦးကျော်ငြိမ်းက သတင်းစာတိုက်တွေ ရိုက်ချိုးတော့ ဦးနုက ဆိုရှယ်လစ်တွေကို ကာကွယ်ပေးရတယ်။ ကွန်မြူနစ်ပါတီချေမှုန်းရေးလုပ်တော့ (ပြည်တွင်းစစ်ဖန်တီးတော့) ဦးနုက သဘောတူရတယ်။ (ဝန်ကြီးချုပ်) ဦးနုက နောက်လိုက်ပဲ။ အကြံအစည်ဦးဆောင်သူက (ပြည်ထဲရေးဝန်ကြီး) ဦးကျော်ငြိမ်းပဲ။ အဲဒီလိုဖြစ်နေတာကို ဦးနုက ကျေနပ်လှတာ မဟုတ်ဘူး။ နောက်တော့ ၁၉၅၆ ရွေးကောက်ပွဲမှာ ဖဆပလ အကျနာတော့မှ ဦးနုက ကိုယ်ပိုင်စည်းရုံးရေး လုပ်လာတယ်။ ဦးနုက ဆွေငြိမ်း ဆိုရှယ်လစ်တွေကို စတင်ပြီး ထိုးနှက်တယ်။ ဦးနုက နာမည်ခံ 'ဦးဆောင်သူကြီး' လုပ်နေရတာ စိတ်ပျက်လာတယ်။ ရှက်လာတယ်။ ပြည်တွင်းကသာမက ပြည်ပက အစိုးရတွေကပါ သူ့ကို နာမည်ခံခေါင်းဆောင်ကြီးမှန်း သိလာတာကို နာကျည်းခံပြင်းလာတယ်။ ဒါ့ကြောင့် ဖဆပလ ကို သူဦးဆောင်ပြီး ခွဲပစ်လိုက်တာပဲ။ သူ့ကိုယ်ပိုင်စည်းရုံးရေးကို လုပ်လိုက်တာပဲ။

အဲဒီအတွေ့အကြုံအရ နိုင်ငံတော်အကြီးအကဲ သမ္မတဆိုတဲ့ ဘောင်းဘီချွတ်ကလည်း ဦးနုလိုပဲ ရှက်လာလိမ့်မယ်။ ခံပြင်းလာလိမ့်မယ်။

'၂၀၀၈ အခြေခံဥပဒေ' က ပုဒ်မတွေဟာ သိပ်ပြီးတင်းကျပ်မာတောင့်လွန်းလှတယ်။ ပုဒ်မ (၂၃၂) ကို ကြည့်ပါ။ ဝန်ကြီး (၃) ပါးကို ဦးစီးချုပ်က (လက်တွေ့အားဖြင့်) ရွေးပေးမှာပါ။ အဲဒီဝန်ကြီးတွေ ကိုင်မယ်ဆိုတဲ့ ဌာနတွေကလည်း နိုင်ငံရေးအာဏာရဲ့ မဏ္ဍိုင်ဌာနတွေ ဖြစ်တယ်။ (မကလ) ကောင်စီကို သမ္မတက နာမည်ခံဦးဆောင်သူပဲ ဖြစ်လာလိမ့်မယ်။ တကယ့်ဦးဆောင်သူက ဦးစီးချုပ်ပဲ ဖြစ်မှာပါ။

တခြားပြဿနာပေါ်နိုင်တဲ့ ပုဒ်မတွေကလည်း များလွန်းလှပါတယ်။ အဲဒါတွေကိုတော့ မတင်ပြတော့ပါဘူး။ ဗဟိုနဲ့ပြည်နယ်ကြားမှာ၊ ဗဟိုနဲ့တိုင်းကြားမှာ ပြဿနာတွေ ပေါ်နိုင်ပါတယ်။ အဲဒါတွေက အုပ်စိုးသူတွေရဲ့ အကွဲအပြဲကိုဖြစ်စေတဲ့ လတ်တလောအကြောင်းတွေ ဖြစ်လာနိုင်ပါတယ်။

'၂၀၀၈ အခြေခံဥပဒေ' ဟာ ၂၀၀၈ ခု စစ်အုပ်စုတွင်းအခြေအနေအရ ရေးထားတာပါ။ အခြေအနေသစ်တခုသို့ ပြောင်းသွားရင် အဲဒီပုဒ်မတွေက အုပ်စိုးသူတွေရဲ့အကွဲအပြဲကို စေ့ဆော်ပါလိမ့်မယ်။ ကြာကြာစောင့်ရမယ်လို့လည်း မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူထုက (အထူးသဖြင့် ၂၁ ရာစု မျိုးဆက်သစ်တွေက) နိုင်ငံရေးနိုးကြားနေလို့ပါ။ ၁၉၆၂ ကနေ ၁၉၇၄ အထိ ကြားကာလမှာလို မဆလ မှိုင်းမိနေတဲ့ခေတ်နဲ့ မတူတော့လို့ပါ။

## ထိုင်စောင့်နေလို့မရ။

အခြေအနေပြောင်းတာကို ထိုင်စောင့်နေလို့ မရပါဘူး။ ကိုယ်က တက်တက်ကြွကြွလှုပ်ရှားနေမှ အခြေအနေပြောင်းမှာပါ။

ကယ်တင်ရှင် မျှော်နေလို့လည်း မရပါဘူး။ မျက်မှောက်နိုင်ငံတကာ့အခြေအနေကို မှန်မှန်ကန်ကန် အကဲဖြတ်တတ်ရပါမယ်။

**ဆန္ဒခံယူပွဲအလွန်မှာ ဖြစ်လာမယ့် နိုင်ငံရေးအခင်းအကျင်း။**

နအဖ က NLD ကို သွေးတိုးစမ်းဖိနှိပ်တာ ပိုပြီးလုပ်လာလိမ့်မယ်။ တက်ကြွသူကိုထိုးနှက်၊ ပျော့ညံ့သူကို သိမ်းသွင်းတာ လုပ်လိမ့်မယ်။ ကျွန်တော်တို့က တက်ကြွသူတွေဘက်က ရပ်တည်ရမယ်။ ပျော့ညံ့သူတွေကို ဝိုင်းပယ်ရမယ်။

ပြည်ပမှာ လှုပ်ရှားနေတဲ့ နိုင်ငံရေးအင်အားစုတွေထဲမှာတော့ အပြောင်းအလဲ သိပ်ရှိမယ်မထင်ပါဘူး။

NLD ကို သွေးတိုးစမ်းသလို စစ်ရပ်စဲရေးအဖွဲ့တွေကိုလည်း သွေးတိုးစမ်းမှာပါ။ NLD ကို '၂၀၀၈ အခြေခံဥပဒေ' ရဲ့ အခန်း (၁၀) နိုင်ငံရေးပါတီများအခန်းက (ပုဒ်မ ၄၀၇) နဲ့ သွေးတိုးစမ်းမယ်။ စစ်ရပ်စဲရေးအဖွဲ့တွေကိုတော့ အခန်း (၇) (ပုဒ်မ ၃၃၈ နဲ့ ပုဒ်မ ၃၃၉) နဲ့ သွေးတိုးစမ်းလိမ့်မယ်။

ကျွန်တော်တို့ပါတီက NLD ရဲ့ တက်ကြွတဲ့သူတွေဘက်က ရပ်တည်သလိုပဲ စစ်ရပ်စဲရေးအဖွဲ့တွေရဲ့ တက်ကြွတဲ့သူတွေဘက်က ရပ်တည်ရမှာပဲ။

**စောင့်ကြည့်ရမယ့်ကိစ္စတွေ။**

နေဝင်းတုန်းက ဆန္ဒခံယူပွဲ ပြီးပြီးချင်း ရွေးကောက်ပွဲလုပ်တယ်။ သူ့မှာ မဆလ ရှိပြီးသား။ မြို့ပေါ်မှာ အတိုက်အခံ (O/G ပါတီ) မရှိဘူး။ ဒါကြောင့် လုပ်ဝံ့တယ်။ ရွေးကောက်ပွဲစနစ်ကလည်း တကောင်တည်း ဝင်ပြိုင်တဲ့ပွဲ။ ဘာမှ ကြောက်စရာမရှိဘူး။

သန်းရွှေကတော့ 'ဆန္ဒခံယူပွဲ' နဲ့ 'ရွေးကောက်ပွဲ' ကို (၂) နှစ် ခွာထားရတယ်။ သူ့မှာ ကြံ့/ဖွံ့ကို ပါတီအဖြစ်ဖွဲ့ဖို့ လုပ်ရဦးမယ်။ အတိုက်အခံ O/G ပါတီကြီး (NLD) ကို သွေးတိုးစမ်းရဦးမယ်။ စစ်ရပ်စဲရေးအဖွဲ့တွေကို ကိုင်ရဦးမယ်။ ဒါကြောင့် ခွာထားတာပဲ။

ကြံ့/ဖွံ့ ကို ဘယ်လိုဖွဲ့မလဲ။ ဒါဟာ စောင့်ကြည့်ရမယ့်ကိစ္စပဲ။

NLD က ဘယ်လို ဆုံးဖြတ်မလဲ။ ဒါလည်း စောင့်ကြည့်ရမှာပဲ။

ကြံ့/ဖွံ့ ကိစ္စကတော့ စောင့်ကြည့်ရုံသက်သက်ပဲ။ NLD ကိုတော့ စောင့်ကြည့်တာသက်သက် လုပ်လို့မရဘူး။ ကျွန်တော်တို့က အတွေးအခေါ်အရ ကူညီရမယ်။ ဒီမိုကရေစီအလံကိုင်အဖြစ် နှစ် (၂၀) လုပ်လာခဲ့တဲ့ NLD ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားမိရင် ကျွန်တော်တို့ တာဝန်မဲ့ရာ ကျလိမ့်မယ်။ တဖက်ကလည်း ခေတ်ပြိုင်ပါတီချင်းဖြစ်လို့ သူတို့အတွင်းရေးမှာ ဝင်စွက်လို့ မဖြစ်ပြန်ဘူး။ တက်ကြွတဲ့ စောင့်ကြည့်နည်းပဲ လုပ်ရမှာပဲ။

တစည တို့၊ ပြုတ်စဖျင်းတောင်းအဖွဲ့တို့ ဆိုတာတွေကိုတော့ ကျွန်တော်တို့ အလေးမထားပါဘူး။ စောင့်ကြည့်စရာလည်း မလိုပါဘူး။

တခြားစောင့်ကြည့်စရာက စစ်ရပ်စဲရေးအဖွဲ့တွေပဲ။ သူတို့က ကျွန်တော်တို့ရဲ့ တိုက်ဖော်တိုက်ဖက်ဟောင်းတွေပဲ။ သူတို့ကို အလေးထား စောင့်ကြည့်ရမယ်။ အကြံပေးစရာရှိရင် တိုးတိုးတိတ်တိတ်ပဲ ပေးရမယ်။ ပေးတဲ့အကြံ ကြိုက်ရင်ယူ၊ မကြိုက်ရင်ပယ်။ သူတို့ သဘောပဲ။

နိုင်ငံတကာရဲ့ ဗမာပြည်အရေးမှာ ပါဝင်ပတ်သက်မှုကိုလည်း စောင့်ကြည့်ကြရလိမ့်မယ်။ ဗမာပြည်ပြည်သူတွေရဲ့ အချုပ်အခြာအာဏာကို မထိပါးသမျှ ဗမာပြည်ရဲ့ နယ်မြေတည်တံ့ပြည်စုံမှုကို မထိပါးသမျှ ကျွန်တော်တို့ လက်ခံနိုင်ပါတယ်။ ထိရင်တော့ ဘယ်သူထိထိ လက်မခံနိုင်ဘူး။

ရဲဘော်တို့

ပါတီဟာ မြေအောက် U/G ပါတီ ဖြစ်တယ်။ U/G ပါတီတခုအနေနဲ့ ရှေ့လုပ်မယ့် လုပ်ငန်းစဉ်များကို ပြောရတာမှာ အကန့်အသတ် အများကြီးရှိတယ်။ အခု ပြောခဲ့တာတွေဟာ ပြောနိုင်သမျှကို ပြောခဲ့တာပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ခေတ်ပြိုင်ပါတီများရဲ့ အတွင်းရေးမှာ ဝင်မစွက်မိအောင်လည်း သတိထားပြီး ပြောရပါတယ်။

ပိုပြီးတိကျတဲ့ ညွှန်ကြားချက်များကိုတော့ သီးခြားညွှန်ကြားတာ လုပ်ပါမယ်။